## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၃ /၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်

အကြောင်းအရာ။ **ငါး/ပုစွန်ပြုပြင်စက်ရုံများ ASEAN Food Control Guideline ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ကိစ္စ**

၁။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ခြင်းကြောင့် အာဆီယံဒေသအတွင်း ရေထွက်ပစ္စည်းကုန်သွယ်မှုလုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ရေး နှင့် အစားအသောက်ထုတ်လုပ်မှုလုပ်ငန်းများတွင် တစ်ပြေးညီဖြစ်စေရန် ငါး/ပုစွန်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများတွင် အာဆီယံဒေသအတွင်း ပြဋ္ဌာန်းထားသော ASEAN Food Control Guideline နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

၂။ အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရာတွင် အစားအသောက်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ၌ အဖွဲ့ဝင်နိုင်ငံများအတွင်း လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းခဲ့သော အောက်ဖော်ပြပါ လက်စွဲလမ်းညွှန်များနှင့်အညီ အကောင်အထည်ဖော်ရပါမည်ဖြစ်သည်-

- အစားအသောက်ထိန်းချုပ်မှုဆိုင်ရာ အာဆီယံဘုံမူဝါဒများ
  Guide line on ASEAN Common Principles for Food Control System
- အစားအသောက်ကျန်းမာသန့်ရှင်းရေးအတွက် အာဆီယံနိုင်ငံများ၏ ဘုံမူဝါဒနှင့်လိုအပ်ချက်များ
  Guide line on ASEAN Common Principles and Requirements for Food Hygiene
- ထုပ်ပိုးပြီးအစားအသောက်များကိုအညွှန်းတပ်ဆင်ရန် ၊ အာဆီယံဘုံမူဝါဒနှင့် လိုအပ်ချက်များ
  Guide line on ASEAN Common Principles and Requirements for Labeling and Pre- Package Food
- အာဆီယံဒေသအတွင်း ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် ဓါတုဆေးဝါးသုံးစွဲမှု လက်စွဲလမ်းညွှန်
  Guidelines on the use of Chemical in Aquaculture within ASEAN

၃။ သို့ဖြစ်ပါ၍ ငါး/ပုစွန်ပြုပြင်စက်ရုံများအားလုံးသည် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်မှု လုပ်ငန်းများ၌ ဒေသတွင်းနိုင်ငံများနှင့် တစ်ပြေးညီဖြစ်စေရန်အတွက် ဖော်ပြပါ ASEAN Food Control Guideline ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အခါ အားလျော်စွာ ASEAN မှထုတ်ပြန်သည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

-------------------------------------

-------------------------------------

စာအမှတ် ၊ ငလ/နပတ-၅/၂၀၁၃-၂၀၁၄ (၁၄၃၀)
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မတ်လ ၇ ရက်

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီးရုံး၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
၂။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
၄။ ညွှန်ကြားရေးမှူး( ကြီးကြပ်အခွန်)၊ ငါးလုပ်ငန်းဦးစီးဌာန
၅။ ညွှန်ကြားရေးမှူး( မွေးမြူရေးဌာနခွဲ)၊ ငါးလုပ်ငန်းဦးစီးဌာန
၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
၇။ ဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း
၈။ ရုံးလက်ခံ။
၉။ မျှောစာတွဲ။